ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

## ပဲခူးတိုင်းဒေသကြီး

## ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာနည်းဥပဒေ

အမိန့်ကြော်ငြာစာအမှတ် ( ၁၅၀/၂၀၁၅ )

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ( ၁၉ ) ရက်

ကန့်သတ်

# ပဲခူးတိုင်းဒေသကြီး

# ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာနည်းဥပဒေ

F-1 (A)

# ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာနည်းဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂)<br>ကော်မတီဖွဲ့စည်းခြင်းနှင့် ရုံးများ<br>ဖွင့်လှစ်ဆောင်ရွက်ခြင်း | ၃ |
| ၃။ | အခန်း (၃)<br>ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား | ၄ |
| ၄။ | အခန်း (၄)<br>တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း<br>ကြီးကြပ်ရေးကော်မတီရုံး၏ လုပ်ငန်းတာဝန်များ | ၄ |
| ၅။ | အခန်း (၅)<br>သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊<br>ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း | ၅ |
| ၆။ | အခန်း (၆)<br>လုပ်သားအင်အား ဖွဲ့စည်းခြင်းနှင့်<br>ကြီးကြပ်ကွပ်ကဲခြင်း | ၆ |
| ၇။ | အခန်း (၇)<br>လုပ်ခနှုန်းထားများ သတ်မှတ်ခြင်း | ၈ |
| ၈။ | အခန်း (၈)<br>အလုပ်သမားသက်သာချောင်ချိရေးလုပ်ငန်းများနှင့်<br>လုပ်ငန်းခွင်သာယာရေး ဆောင်ရွက်ခြင်း | ၉ |


F-1 (B)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉။ | အခန်း (၉)<br>လုပ်ငန်းခွင်စည်းကမ်းများ သတ်မှတ်ခြင်းနှင့် အရေးယူခြင်း | ၁၀ |
| ၁၀။ | အခန်း (၁၀)<br>အထွေထွေ | ၁၁ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၁၅)
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် )

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၉ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော အောက်ပါစကားရပ်များသည် ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာဥပဒေများတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) ဥပဒေဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ ဥပဒေကို ဆိုသည်၊

(ခ) **တိုင်းဒေသကြီးဦးစီးမှူး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်နိုင်ရန် အလို့ငှာ ဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့် ရုံး၏ အကြီးအကဲကို ဆိုသည်၊

F-2 (A)

(ဂ) **ဦးစီးအရာရှိ**ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံးနှင့် ရုံးလုပ်ငန်းများကို တာဝန်ခံကြီးကြပ်ဆောင်ရွက်သူကို ဆိုသည်၊

(ဃ) **ကြီးကြပ်ရေးမှူး**ဆိုသည်မှာ သက်ဆိုင်ရာလုပ်ငန်းဌာနခွဲအလိုက် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် အလုပ်သမားရေးရာကိစ္စရပ်များအား ကြီးကြပ်ကွပ်ကဲသူကို ဆိုသည်၊

(င) **စာရင်းကိုင်**ဆိုသည်မှာ ငွေစာရင်းဌာနနှင့် ငွေစာရင်းလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်သူကို ဆိုသည်၊

(စ) **စောင့်ရှောက်ရေးမှူး**ဆိုသည်မှာ ကုန်တင်ကုန်ချဌာနခွဲအလိုက် ကုန်တင်ကုန်ချအလုပ်သမားများကို အနီးကပ်ကြီးကြပ်သူကို ဆိုသည်၊

(ဆ) **အလုပ်သမားစုမှူး**ဆိုသည်မှာ စုဖွဲ့တာဝန်ပေးအပ်ထားသည့် အလုပ်သမားဂိုဏ်းတွင် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စာရင်း၊ ငွေကြေးဆိုင်ရာကိစ္စရပ်များအား စီမံခန့်ခွဲခွင့်ရှိသူကို ဆိုသည်၊

(ဇ) **အလုပ်သမားမှူး**ဆိုသည်မှာ မိမိတာဝန်ယူရသည့် အလုပ်သမားဂိုဏ်းတွင် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စာရင်း၊ ငွေကြေးဆိုင်ရာကိစ္စရပ်များအား စီမံခန့်ခွဲခွင့်ရှိသူကို ဆိုသည်၊

(ဈ) **အလုပ်သမား**ဆိုသည်မှာ ဤဥပဒေအရ ကုန်တင်ကုန်ချလုပ်ငန်းများကို လုပ်ကိုင်နေသူကို ဆိုသည်၊

(ည) **ဂိုဏ်း**ဆိုသည်မှာ ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်ကို ဆိုသည်၊

(ဋ) **ဂိုဏ်းဖွဲ့ခြင်း**ဆိုသည်မှာ လုပ်ငန်းခွင်တွင် အလုပ်သမားများစုဖွဲ့ခြင်းကို ဆိုသည်၊

F-2 (B)

(ဋ) ဂိုဏ်းချခြင်းဆိုသည်မှာ လုပ်ငန်းခွင်တွင် အလုပ်သမားများအား နေရာချပေးခြင်းကို ဆိုသည်၊

(ဌ) ဂိုဏ်းလှည့်စနစ်ဆိုသည်မှာ အလုပ်သမားဂိုဏ်းကို ပုံသေဖွဲ့စည်းထားပြီး လုပ်ငန်းတည်ရာကို အခြေခံ၍ ကာလအပိုင်းအခြားသတ်မှတ်ကာ လုပ်ငန်းနေရာတစ်ခုနှင့်တစ်ခု ဂိုဏ်းလှည့်ပေးသည့်စနစ်ကို ဆိုသည်။

## အခန်း (၂)

## ကော်မတီဖွဲ့စည်းခြင်းနှင့် ရုံးများဖွင့်လှစ်ဆောင်ရွက်ခြင်း

၃။ ဥပဒေပုဒ်မ ၄ အရ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များသည် -

(က) တိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုယ်စားလှယ်သည် ဒုတိယရဲမှူးအဆင့်ထက် မနိမ့်သူ ဖြစ်ရမည်၊

(ခ) တိုင်းဒေသကြီးဌာနဆိုင်ရာများမှ ကိုယ်စားလှယ်သည် ဦးစီးအရာရှိအဆင့်ထက် မနိမ့်သူ ဖြစ်ရမည်။

၄။ ဥပဒေပုဒ်မ ၄ အရ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များသည် -

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုယ်စားလှယ်သည် ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သူ ဖြစ်ရမည်၊

(ခ) မြို့နယ်ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်သည် ဒုတိယဦးစီးမှူးအဆင့်ထက် မနိမ့်သူ ဖြစ်ရမည်။

၅။ ကုန်တင်ကုန်ချလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး

F-2 (B)

(ဃ) ရုံးနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ပရိဘောဂများ၊ တယ်လီဖုန်း၊ ကွန်ပျူတာ၊ ဖက်(စ်) နှင့် ပရင်တာ စသည်တို့ ထားရှိရမည်။

## အခန်း (၃)

## ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား

၆။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီအား အမိန့်ထုတ်ပြန်ဖွဲ့စည်းရမည်။

၇။ တိုင်းဒေသကြီးကော်မတီသည် တိုင်းဒေသကြီးအတွင်း မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများအား ဖွဲ့စည်းရမည်။

## အခန်း (၄)

## တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး၏ လုပ်ငန်းတာဝန်များ

၈။ တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး၏ စီမံရေးရာနှင့် အထွေထွေလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချမှတ်ပေးသော မူဝါဒများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မူဝါဒအဖြစ် ကျင့်သုံးသင့်သောအချက်များအား တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြ၍ လမ်းညွှန်မှုခံယူခြင်း၊

(ဂ) တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်း။

၉။ ဝန်ထမ်းရေးရာကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ထားသော ဝန်ထမ်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ဝန်ထမ်းလက်စွဲများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ (က) တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး၏ ငွေစာရင်းဆိုင်ရာလုပ်ငန်းတာဝန်များကို ဌာနဆိုင်ရာငွေစာရင်း စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရမည်။

(ခ) ကော်မတီရန်ပုံငွေစာရင်း၊ ရငွေသုံးငွေ၊ လျာထားချက်များကို ရေးဆွဲရာတွင် သတ်မှတ်ပြဋ္ဌာန်းပေးထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ရေးဆွဲဆောင်ရွက်ရမည်။ လိုအပ်ပါက တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပြီး ဆောင်ရွက်ရမည်။

## အခန်း (၅)

## သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၁။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများသည် လူမှုဖူလုံရေးနှင့် အကျုံးဝင်သောမြို့နယ်များတွင် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးအတွက် နေ့စဉ်လုပ်ခဝင်ငွေထဲမှ ခြောက်ရာခိုင်နှုန်း (၆%) ကို သက်သာချောင်ချိရေးရန်ပုံငွေအဖြစ်လည်းကောင်း၊ နှစ်ရာခိုင်နှုန်း (၂%) ကို လူမှုဖူလုံရေးရန်ပုံငွေအဖြစ်လည်းကောင်း ကော်မတီရန်ပုံငွေထူထောင်ရမည်။ လူမှုဖူလုံရေးနှင့် အကျုံးမဝင်သောမြို့နယ်များတွင် ငါးရာခိုင်နှုန်း (၅%) ကို သက်သာချောင်ချိရေးရန်ပုံငွေအဖြစ် ထူထောင်ရမည်။

၁၂။ မြို့နယ်သက်သာချောင်ချိရေးရန်ပုံငွေ (ကော်မတီစာရင်း) တွင် ဘဏ္ဍာရေးနှစ်အတွင်း လျာထားရန်ပုံငွေမှ အသုံးစရိတ်တစ်ရပ်ကို သုံးစွဲရန်လိုအပ်ပါက သုံးစွဲမည့် အသုံးစရိတ်ငွေစာရင်းအလိုက် တွက်ချက်မှုဖြင့် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အတူ တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး၏ ခွင့်ပြုချက်ဖြင့် ဌာနဆိုင်ရာ သုံးစွဲရမည့် ငွေစာရင်းခေါင်းစဉ် လုပ်ထုံးလုပ်နည်းအတိုင်း သုံးစွဲရမည်။

## အခန်း (၆)
## လုပ်သားအင်အား ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၁၃။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများသည် အလုပ်သမားအသစ်များ ခန့်ထားရန် လိုအပ်ပါက လိုအပ်သော အရည်အချင်းများကို သတ်မှတ်ပြီး ခန့်ထားနိုင်သည်။

၁၄။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများသည် လုပ်ငန်းခွင်များ၊ မှတ်ပုံတင်လုပ်သားများအား ဖွဲ့စည်းပုံတာဝန်အရ အောက်ပါအတိုင်း အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲရမည် -

(က) လုပ်ငန်းအခြေအနေအပေါ် မူတည်၍ အရည်အချင်းများ သတ်မှတ်ပြီး လုပ်သားသစ် ခေါ်ယူခြင်း၊

(ခ) နည်းဥပဒေအရ ဖွဲ့စည်းပေးထားသော အလုပ်သမားစုမှူး၊ စောင့်ရှောက်ရေးမှူး၊ အလုပ်သမားမှူး တာဝန်အဆင့်ဆင့် နေရာများ ခန့်ထားရာတွင် ကြီးကြပ်ရေးမှူး၊ ဌာနခွဲအလိုက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၅။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများနှင့် လုပ်ငန်းခွင်များတွင် အောက်ပါပုဂ္ဂိုလ်များက အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲရမည် -

(က) မြို့နယ်ဦးစီးအရာရှိ (သို့မဟုတ်) မြို့နယ်ဒုတိယဦးစီးဌာနမှူး၊

(ခ) ကြီးကြပ်ရေးမှူး၊

(ဂ) စာရင်းကိုင်၊

(ဃ) စောင့်ရှောက်ရေးမှူး၊

(င) အလုပ်သမားစုမှူး၊

(စ) အလုပ်သမားမှူး။

၁၆။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး၏ မြို့နယ်ဦးစီးအရာရှိသည် အောက်ပါတာဝန်များကို လိုက်နာဆောင်ရွက်ရမည် -

(က) နေ့စဉ်လုပ်ငန်းများကို ကြီးကြပ်ရမည်၊

(ခ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်၍ တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးသို့ တင်ပြရမည့်ကိစ္စများကို တင်ပြဆောင်ရွက်ရမည်။ တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးမှ ချမှတ်ပေးသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်အကောင်အထည်ဖော်ရမည်။

(ဂ) အောက်ဖော်ပြပါလုပ်ငန်းများကို နေ့စဉ်ကြီးကြပ်ဆောင်ရွက်ရမည် -

(၁) မှတ်ပုံတင်အလုပ်သမားများ၏ သက်သာချောင်ချိရေးများ၊

(၂) ကုန်အတင်အချတန်ချိန်များ မှန်ကန်စွာမှတ်တမ်းထားရှိရေး၊

(၃) ရန်ပုံငွေစုဆောင်းရာတွင် အလေအလွင့်မရှိစေရေး၊

(၄) ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း၊

(၅) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊

(၆) လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊

(၇) လုပ်ငန်းနှင့်သက်ဆိုင်သည့် အထွေထွေကိစ္စရပ်များ။

# အခန်း (၇)

## လုပ်ခနူန်းထားများ သတ်မှတ်ခြင်း

၁၇။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများသည် အတင်အချလုပ်ခနူန်းထားများကို ပြင့်ဆင်သတ်မှတ်ရန် ပေါ်ပေါက်လျှင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မြို့နယ်များ၏ လက်ရှိရရှိနေသည့် လုပ်ခနူန်း၊ တိုးမြှင့်ရရှိလိုသည့် လုပ်ခနူန်းများကို တိုးမြှင့်လိုသည့် အကြောင်းအရင်းများကို ဖော်ပြလျက် တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးသို့ ရှေးဦးစွာ တင်ပြခွင့်ပြုချက် ရယူခြင်း၊

(ခ) တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး၏ ခွင့်ပြုမိန့်ရရှိပြီးမှသာ ကုန်သည်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) အလုပ်သမားများ ကိုယ်စားပြုသည့် မြို့နယ်ရုံး၊ ကုန်သည်လုပ်ငန်းရှင်နှင့် သက်ဆိုင်သည့် ကိုယ်စားလှယ်တို့နှင့် မျက်နှာစုံညီ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိပြီးသော လုပ်ခနူန်းထားများကို သက်ဆိုင်ရာမြို့နယ်ဒေသအာဏာပိုင်အဖွဲ့အစည်း၏ အတည်ပြုချက် ရရှိအောင် ဆက်လက်ဆောင်ရွက်ခြင်း၊

(င) နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိရန် အခက်အခဲဖြစ်နေလျှင် ဆက်လက်ညှိနှိုင်းပေးရေးအတွက် မြို့နယ်အာဏာပိုင် အဖွဲ့အစည်းသို့ တင်ပြဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာ မြို့နယ်ဒေသအာဏာပိုင်အဖွဲ့အစည်း၏ အတည်ပြုချက် ရရှိပြီးမှသာ တိုးမြှင့်လုပ်ခနူန်းများကို တရားဝင်တောင်းခံခြင်း၊

(ဆ) သက်ဆိုင်ရာ မြို့နယ်ဒေသအာဏာပိုင်အဖွဲ့အစည်း၏ အတည်ပြုချက် ရရှိပြီးပါက ယင်းအတည်ပြုစာနှင့် အတည်ပြုထားသည့် လုပ်ခန့်နှုန်းထားစာအုပ်အား အပြီးသတ်စနစ်တကျပြုစုပြီး တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ ရုံးသို့ ပေးပို့တင်ပြအစီရင်ခံခြင်း။

## အခန်း (၈)

## အလုပ်သမားသက်သာချောင်ချိရေးလုပ်ငန်းများနှင့် လုပ်ငန်းခွင်သာယာရေး ဆောင်ရွက်ခြင်း

၁၈။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးရှိ ကော်မတီခန့် လခစား၊ ဝေစုစား ဝန်ထမ်းနှင့် အလုပ်သမားများ၏ သက်သာချောင်ချိရေး အကျိုးခံစားခွင့်များကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ပေးနိုင်သည် -

(က) မကျန်းမမာမှုဆိုင်ရာခံစားခွင့်၊

(ခ) အလုပ်ခွင်ထိခိုက်မှုခံစားခွင့်၊

(ဂ) သဘာဝဘေးဒဏ်ဆိုင်ရာအကျိုးခံစားခွင့်၊

(ဃ) သက်ကြီးရွယ်အိုခံစားခွင့်၊

(င) မသန်မစွမ်းမှုဆိုင်ရာခံစားခွင့်၊

(စ) အလုပ်မှနုတ်ထွက်ခြင်းအတွက် ခံစားခွင့်၊

(ဆ) သေဆုံးမှုဆိုင်ရာခံစားခွင့်၊

(ဇ) မီးဖွားမှုဆိုင်ရာခံစားခွင့်၊

(ဈ) ပညာရေးဆိုင်ရာခံစားခွင့်။

## အခန်း (၉)

## လုပ်ငန်းခွင်စည်းကမ်းများ သတ်မှတ်ခြင်းနှင့် အရေးယူခြင်း

၁၉။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများသည် မိမိမြို့နယ်၏ လုပ်ငန်းသဘာဝနှင့်ကိုက်ညီသော အလုပ်သမားဂိုဏ်းချချိန်နှင့် ဂိုဏ်းသိမ်းချိန်တို့ကို သတ်မှတ်ထားရှိရမည်။

၂၀။ အလုပ်မဆင်းနိုင်သည့် လုပ်သားများသည် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ရိုးရိုးခွင့်ရက် (၄၅) ရက်ထိ ခွင့်ယူနိုင်သည်။ အဆိုပါရိုးရိုးခွင့်ရက် (၄၅) ရက်အနက် တစ်ဆက်တည်း ရက်ပေါင်း (၃၀) ထက်မပိုသော ခွင့်ရက်ရှည်ယူနိုင်ခွင့်ရှိသည်။ အလုပ်သမားတိုင်းသည် အလုပ်မဆင်းနိုင်ပါက ခွင့်တိုင်ရမည်။ တစ်ဆက်တည်း (၁၀) ရက်နှင့်အထက်ခွင့်ရက်ကို ခွင့်ရက်ရှည်ဟု သတ်မှတ်သည်။

၂၁။ ပြက္ခဒိန်နှစ်အတွင်း ရိုးရိုးခွင့်ရက် (၄၅) ရက်ယူပြီးနောက် လူမှုဖူလုံရေးဆေးလက်မှတ်ဖြင့်မဟုတ်ဘဲ ထပ်မံပျက်ကွက်ပါက အောက်ပါအတိုင်း အရေးယူခြင်းခံရမည် -

(က) ရိုးရိုးခွင့်ရက် (၄၅) ရက်ယူပြီးနောက် ရိုးရိုးအလုပ်ပျက်ကွက်သည့်ရက်မှာ (၁၅) ရက်ကျော်လွန်ခဲ့သော် ယင်းကဲ့သို့ပျက်ကွက်သူအား ပထမအကြိမ်အဖြစ် အလုပ်မှ (၇) ရက် ရပ်နားအပြစ်ပေးခြင်း ခံရမည်။

(ခ) ရိုးရိုးခွင့်ရက် (၄၅) ရက်ယူပြီးနောက် ရိုးရိုးအလုပ်ပျက်ကွက်သည့်ရက်မှာ (၃၀) ရက်ကျော်လွန်ခဲ့သော် ယင်းကဲ့သို့ပျက်ကွက်သူအား ဒုတိယအကြိမ်အဖြစ် အလုပ်မှ (၁၅) ရက် ရပ်နားအပြစ်ပေးခြင်း ခံရမည်။

(ဂ) ရိုးရိုးခွင့်ရက် (၄၅) ရက်ယူပြီးနောက် ရိုးရိုးအလုပ်ပျက်ကွက်သည့်ရက်မှာ (၄၅) ရက်ကျော်လွန်ခဲ့သော် ယင်းကဲ့သို့ပျက်ကွက်သူအား မှတ်ပုံတင်အလုပ်သမားစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၂၂။ အထက်ဖော်ပြပါ အလုပ်ပျက်ရက်များကို ရေတွက်ရာတွင် ဥပဒေပါ ခံစားခွင့်ရှိသော ခွင့်ရက်များ၊ ဂိုဏ်းဖျက်ခံရသောရက်များ၊ ပြစ်ဒဏ်ရက်များနှင့် အလုပ်မရှိ၍ အလုပ်ပိတ်ရသော ပျက်ရက်များအား ထည့်သွင်းရေတွက်ခြင်း မပြုရ။

၂၃။ မှတ်ပုံတင်အလုပ်သမားတစ်ဦးသည် အလုပ်ခွင်အတွင်း သတ်မှတ်ထားသော စည်းကမ်းများကို ဖောက်ဖျက်ပါက ကော်မတီက သတ်မှတ်ထားသော ပြစ်မှု၊ ပြစ်ဒဏ်များအတိုင်း အရေးယူခြင်း ခံရမည်။

## အခန်း (၁၀)
## အထွေထွေ

၂၄။ မှတ်ပုံတင်အလုပ်သမားများသည် လုပ်အားနှင့်အညီ လုပ်ခများ အပြည့်အဝမှန်ကန်စွာ ရရှိစေရေးအတွက် လုပ်ခခွဲဝေခြင်းနှင့်စပ်လျဉ်း၍ အဆင့်ဆင့်တွက်ချက်မှုများကို တိကျစွာဆောင်ရွက်ရမည်။

၂၅။ လုပ်ခများ ခွဲဝေပေးရာတွင် သတ်မှတ်ထားသောပုံစံကို အသုံးပြု၍ ရေးဆွဲခွဲဝေပေးရမည်။ ထို့ပြင် တစ်ဦးချင်းလုပ်ခစာအုပ်တွင် နေ့စဉ် မှန်ကန်စွာ ဖြည့်သွင်းပြီး လုပ်ခခွဲဝေပေးသူက လက်မှတ်တို ရေးထိုးထားရမည်။

၂၆။ လုပ်ခရန်ပုံငွေများ ပြည့်ဝမှန်ကန်စွာရရှိစေရေးနှင့် လေလွင့်မှုမရှိစေရေး၊ အလုပ်သမားများ၏ လုပ်အားခကို တိကျမှန်ကန်စွာခွဲဝေရရှိစေရေး၊ အလုပ်သမားများ၏ အလုပ်ဆင်းရက်များ တွက်ချက်မှုမှန်ကန်စေရေး၊ နေ့စဉ် လုပ်ငန်းများ စတင်သည်မှ လုပ်ခရှင်းတမ်းခွဲဝေပြီး ရန်ပုံငွေသွင်းသည်အထိ ဆောင်ရွက်မှုများ စနစ်တကျရှိစေရေးနှင့် လွယ်ကူစွာစစ်ဆေးနိုင်ရေးတို့အတွက် ကော်မတီမှ သတ်မှတ်ထားသော ငွေစာရင်းဇယားပုံစံများအတိုင်း သုံးစွဲရမည်။

၂၇။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများတွင် ဖွဲ့စည်းပုံအရ ကော်မတီခန့်လခစားများ ခန့်ထားရန် လိုအပ်ပါက အရည်အချင်းများ သတ်မှတ်ပြီး ခန့်ထားနိုင်သည်။

၂၈။ အလုပ်သမားဝတ်စုံနှင့် အမည်၊ ရာထူး၊ လက်မောင်းတံဆိပ်တို့ကို ကော်မတီက သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း ဝတ်ဆင်ရမည်။

၂၉။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများတွင် ကျင့်သုံးလျက်ရှိသော တည်မြဲအမိန့်၊ ဘဏ္ဍာရေးစည်းမျဉ်းတို့ကို ဆက်လက်ကျင့်သုံးနိုင်သည့်အပြင် လိုအပ်ပါက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးက အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ရမည်။

(ဝန်ကြီးချုပ်)
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့